# ပိုမိုကောင်းမွန်အောင် အားလုံးအတူတကွ ဆောင်ရွက်ခြင်း

P. ၃၆ - ၃၉




မြန်မာ့ဩဘာလုပ်ငန်းစုအနေဖြင့် အကျိုးသက်ဆိုင်သူများနှင့် ပုံမှန်တွေ့ဆုံဆက်သွယ်ရန် ရည်မှန်းထားသည်။ ဤသည်မှာ ရေရှည်တည်တံ့သော ဆက်ဆံရေးများကိုတည်ဆောက်ရန်နှင့်လုပ်ငန်းလည်ပတ်ရန်အတွက်ကျွန်ုပ်တို့၏ ဂုဏ်သိက္ခာနှင့် လူမှုရေးဆိုင်ရာ ဆောင်ရွက်မှုများကိုကာကွယ်ရန်အတွက် အရေးကြီးပါသည်။ ကျွန်ုပ်တို့၏ ဦးစားပေးခံယူချက်များနှင့်လိုက်လျောညီထွေမှုရှိသည့်ပရဟိတအကူအညီများကို ပံ့ပိုးကူညီပေးရန် စိတ်အားထက်သန်လျက်ရှိပါသည်။

# ပိုမိုကောင်းမွန်အောင် အားလုံးအတူတကွ ဆောင်ရွက်ခြင်း

## အကျိုးသက်ဆိုင်သူများနှင့် တက်ကြွစွာဆက်ဆံခြင်း

ကျွန်ုပ်တို့အပေါ် အကျိုးသက်ဆိုင်သူများ၏ ယုံကြည်မှုနှင့်စိတ်ချရမှုသည် မြန်မာ့ဩဘာလုပ်ငန်းစုအတွက် အရေးကြီးဆုံးအချက် ဖြစ်သည်။ အရေးကြီးဆုံးသော အကျိုးသက်ဆိုင်သူများနှင့် ပုံမှန်ထိတွေ့ဆက်ဆံပြီး ကျွန်ုပ်တို့၏ချဉ်းကပ်ပုံသည် မြန်မာဩဘာ လုပ်ငန်းစု၏ ချမှတ်ထားသည့် မူဝါဒများ နှင့် ကိုက်ညီပြီး လိုက်လျောညီထွေမှုရှိစေရန် ဆောင်ရွက်သည်။

မြန်မာ့ဩဘာလုပ်ငန်းစုနှင့်သက်ဆိုင်သော IFC တွင် လက်ခံရရှိထားသော ငွေကြေးလွှဲပြောင်းမှုဆိုင်ရာ တိုင်ကြားချက်တစ်ခုကို CAO မှ စောင့်ကြည့်နေဆဲဖြစ် သည်။ ၂၀၂၀ ပြည့်နှစ်မှစ၍ သက်ဆိုင်ရာ အကျိုးသက်ဆိုင်သူများ နှင့် ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းခဲ့သော်လည်း၊ COVID-19 ကပ်ရောဂါနှင့် နိုင်ငံရေးအကျပ်အတည်းများကြောင့် အချို့သောသက်ဆိုင်သူများနှင့် ဆက်သွယ်ရန် အခက်အခဲရှိခဲ့ပါသည်။ ကျွန်ုပ်တို့၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုအစီအစဉ် ကို ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်ပါသည်။ ထို့အပြင် မော်ဘီရှိ ကျွန်ုပ်တို့၏ စက်မှုလုပ်ငန်းစုအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (ECD) မှ ပေးအပ်သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလိုက်နာမှုလက်မှတ်(Environmental Compliance Certificate) ကို ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ရရှိခဲ့ပါသည်။ COVID-19 ကပ်ရောဂါကြောင့် ဤလုပ်ငန်းစဉ်သည် နောက်ကျခဲ့ပြီး ၂၀၂၁ နောက်ပိုင်းတွင် ပြတ်တောက်သွားခဲ့ပါသည်။

ယခုအခါတွင် ကျွန်ုပ်တို့၏ စက်မှုဇုန်အနီးရှိ ပြည်သူများအား ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်မှုများကြောင့် ထိခိုက်မှုမရှိစေရန် ဆက်လက်ကြိုးပမ်းလျက်ရှိပါသည်။ ကျွန်ုပ်တို့၏ ရေရှည်တည်တံ့ခိုင်မြဲရေးအဖွဲ့သည် ဒေသခံအသိုင်းအဝိုင်းများထံမှ တိုင်ကြားလာသော မကျေနပ်ချက်များကို ပုံမှန်စောင့်ကြည့်လျက်ရှိပါသည်။ ၂၀၂၄ ခုနှစ်တွင် တိုင်ကြားချက် ၁ ခုကို လက်ခံရရှိခဲ့ပြီး၊ ၎င်းတိုင်ကြားချက်ကို မှန်ကန်သော ဖြေရှင်းရေးလုပ်ဆောင်မှု တစ်ရပ်ဖြင့် လျှင်မြန်စွာဖြေရှင်းဆောင်ရွက်ပေးခဲ့ပါသည်။ မည်သည့်မကျေနပ်ချက်ကိုမဆို တွန့်ဆုတ်ခြင်းမရှိဘဲ ကျွန်ုပ်တို့ထံ ဆက်သွယ်အသိပေးနိုင်ပါသည်။

## လိုအပ်နေသူများအား ပံ့ပိုးကူညီခြင်း

မြန်မာ့ဩဘာလုပ်ငန်းစုအနေဖြင့် အကူအညီလိုအပ်နေသူများအား ပံ့ပိုးကူညီပေးနိုင်ရန် ရည်မှန်းထားသည်။ မြန်မာ့ဩဘာလုပ်ငန်းစု၏ CSR မူဝါဒ တွင် ကျွန်ုပ်တို့၏ ဆောင်ရွက်ပုံအသေးစိတ်နှင့် မဏ္ဍိုင်လေးရပ်ဖြစ်သည့် ကျန်းမာရေး၊ ပညာရေး၊ သန့်ရှင်းသော သောက်သုံးရေ ရရှိရေး နှင့် သဘာဝ ဘေးအန္တရာယ်ကယ်ဆယ်ရေး အစရှိသော အကြောင်းအရာများကို ဖော်ပြထားသည်။

ကျွန်ုပ်တို့သည် လူမှုရေးဆိုင်ရာလုပ်ငန်းများအတွက် ၂၀၂၃ ခုနှစ်တွင် ကျပ်သန်းပေါင်း ၃၀၀ လှူဒါန်းခဲ့ရာမှ ၂၀၂၄ ခုနှစ်တွင် ကျပ်သန်းပေါင်း ၃၁၁ အထိ တိုးမြှင့်လှူဒါန်းနိုင်ခဲ့ပါသည်။ ကျွန်ုပ်တို့လုပ်ငန်းစုအနေဖြင့် ဝန်ထမ်းများ (စာမျက်နှာ ၂၈ တွင်ကြည့်ရှုပါ) ၊ တောင်သူဦးကြီးများ နှင့် ဖြန့်ဖြူးရောင်းချသူများအား (စာမျက်နှာ ၃၄ တွင်ကြည့်ရှုပါ) ပံ့ပိုးကူညီနိုင်ရေးအပေါ် အာရုံစိုက်ဆောင်ရွက်ရန် ဆုံးဖြတ်ထားပါသည်။

4. See: https://disclosures.ifc.org/project-detail/ESRS/35880/myanma-awba-group-company-limited




